# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
(၁၉)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**

**( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၅:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၅:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၅:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၅:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၅:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၃၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၅:၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၅:၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၀၆။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ၁၇-၃-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဆေးရုံတက်ရောက် ကုသနေရပါသဖြင့်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်းနှင့် ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅:၀၈။**

**ဥက္ကဋ္ဌ။**　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၅:၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၅:၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၁၀။**

**ဦးစောသန်းထွင်မှ (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်

ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ စောသန်းထွဋ်ဴ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား အမျိုးသားလွှတ်တော်ကြီးမှ အတည်ပြု ပေးပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်အခွင့်အရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၂။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး (အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး များရှင်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်း အဝေးထိ တစ်နှစ်တာကာလအတွင်း လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန်နှင့် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ကျွန်မ ကရင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် လွှတ်တော်

အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး မှ လေးစားစွာဖြင့် အဆို တင်သွင်းအပ်ပါတယ် ရှင်။

**အချိန်၊ ၁၅:၁၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသား လွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၅:၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၁၃။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာ ပထမနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အစိုးရ၏အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအပေါ် အပြုသဘောနဲ့ အကြံပြု ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များစိစစ်ရေးကော်မတီဟာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ အတွက်သာမက ဒီအမျိုးသားလွှတ်တော်ကြီး အတွက်ပါ အရေးကြီးတဲ့ ကော်မတီကြီးတစ်ရပ်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုရင် ကျွန်တော်တို့အပေါ် ပြည်သူတွေရဲ့ တင်ပြချက်တွေကို ဒီအမျိုးသားလွှတ်တော်ကြီးမှာ တင်ပြ ဆွေးနွေးလိုက်တဲ့အပေါ် သက်ဆိုင်ရာအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးတွေက ဖြစ်နိုင်၏၊ မဖြစ်နိုင်၏

လေ့လာပြီး လုပ်ဆောင်မည်၊ မလုပ်ဆောင်မည်ကို လာဖြေတဲ့အဖြေအပေါ်မှာ ကတိဖြစ်သည်၊ မဖြစ်သည်ကို စိစစ်ရတဲ့ကော်မတီလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် အင်မတန်အရေးကြီးတဲ့ ကော်မတီဖြစ်ပါတယ်။

ကျွန်တော်တို့ကိုယ်စားလှယ်တွေကလည်း အစိုးရမှ အာမခံလိုက်တဲ့ ကတိတွေကို ပြည်သူတွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ ပြန်လည်ချပြရပါတယ်။ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးတွေ အနေနဲ့လည်း ကိုယ်စားလှယ်တွေရဲ့ မေးမြန်းချက်၊ ဆွေးနွေးမှုများအပေါ်တွင် ပေးနိုင်တဲ့ကတိကို ပြတ်ပြတ်သားသားပေးရန် လိုအပ်ပါတယ်။ အချို့ဝန်ကြီးများမှာ ကိုယ်စားလှယ်တွေရဲ့ မေးခွန်းများအပေါ် လာရောက်ဖြေကြားရာတွင် ကတိဖြစ်သည်၊ မဖြစ်သည်ကို ရှင်းလင်းစွာ ဖြေဆိုမှုမရှိဘဲ မေးခွန်းဆိုရင် ကိုယ်စားလှယ်တွေကိုယ်တိုင်က ကတိဖြစ်သည်၊ မဖြစ်သည်ကို သိရှိနိုင်ရန် ခက်ခဲသော ဖြေဆိုမှုများပါနေသည်ကို တွေ့ရှိရပါတယ်။ ဤကော်မတီအနေဖြင့် ထိုသို့ဖြစ်ပေါ်နေသော မေးခွန်းများကို သေချာစွာ ဂရုစိုက်ပြီး ဖြေရှင်းသင့်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ကျွန်တော်တို့ လွှတ်တော်ကို လွှတ်တော် (၄)ကြိမ်ကာလတွင် အစီရင်ခံစာ(၃)ကြိမ်ရရှိပြီးဖြစ်ပါသည်။ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ (၂၈၄)စောင်၊ ကြယ်ပွင့်မပြက (၁၆၀)တို့တွင် ကတိဖြစ်ပေါ်မှု (၂၄၅)စောင်ရှိတယ်လို့ အစီရင်ခံစာမှာ ပါရှိလာပါတယ်။ အဆိုပါ ကတိဖြစ်ပေါ်မှုများကို အစိုးရမှ ဖော်ဆောင်နိုင်ရေးအတွက် ဘတ်ဂျက်လျာထားစာရင်းတွင် ပါဝင်စေမှုများ၊ အမှန်တကယ်ဆောင်ရွက်မှုများ ရှိ/မရှိကို ဤကော်မတီတွင် တာဝန်အရှိဆုံးဖြစ်မယ်လို့ ကျွန်တော် ထင်မိပါတယ်။ သို့မှသာ လွှတ်တော်တွင် တာဝန်ခံခဲ့သည် တာဝန်ခံချက်၊ ကတိများ တည်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကာလ(၄)ကြိမ်တွင် ကျွန်တော်မေးမြန်းခဲ့သည့် မေးခွန်းများအပေါ်မူတည်ပြီး ကျွန်တော် အချက်(၃)ချက်လောက် ဆွေးနွေးချင်ပါတယ်။ ကျွန်တော့်အနေဖြင့် လွှတ်တော်ကာလ (၄)ကြိမ်တွင် ကြယ်ပွင့်ပြမေးခွန်း(၁၆)စောင်၊ ကြယ်ပွင့်မပြ(၁၀)စောင်နှင့် စုစုပေါင်း (၂၆)စောင် ကျွန်တော် မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း(၁၆)စောင်တွင် ကတိဖြစ်ပေါ်မှု (၈)ကြိမ် ရှိခဲ့ပါတယ်။ ကြယ်ပွင့်မပြ(၄)စောင် ကတိဖြစ်ပေါ်ခဲ့ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာတွင် ပါရှိလာတာတွေ့ရပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာတွင် ကျန်ရှိသည့် ကတိဖြစ်ပေါ်မှုတစ်ခုကိုလည်း ကျွန်တော့်အနေနဲ့ ကော်မတီကို စာဖြင့် အကြောင်းကြားခဲ့ပြီး ဖြစ်ပါတယ်။ ပထမအချက်အနေဖြင့် ကျွန်တော် ဆွေးနွေးလိုတာက ၂၃-၅-၂၀၁၆ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနကို ကျွန်တော်မေးမြန်းခဲ့တဲ့ မေးခွန်းတစ်ခုရှိပါတယ်။ ကျားနင်းကန် အ-ထ-ကကျောင်းနှင့် သရက်တပင် အ-ထ-ကကျောင်းကို ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို ကျွန်တော်မေးမြန်းခဲ့ပါတယ်။ ၁၇-၈-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးမှ လာရောက်ဖြေကြားခဲ့ပါတယ်။ ကတိဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ အစီရင်ခံစာမှာလည်း ပါလာတာတွေ့ရပါတယ်။

သို့ရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လျာထားငွေစာရင်းတွင် ကျွန်တော်ရှာဖွေကြည့်တဲ့ အချိန်မှာ ပါလာခြင်းမရှိတာကို ကျွန်တော်တွေ့ရပါတယ်။ နောက်တစ်ချက်အနေနဲ့ ပညာရေးဝန်ကြီး ဌာနကိုပဲ ၂၉-၇-၂၀၁၆ ရက်နေ့တွင် ကြယ်ပွင့်မပြ မေးခွန်းအနေနှင့် ကျွန်တော် စပါးဆိပ်(ပီ)ကျေးရွာ အ-ထ-က(ခွဲ)နှင့် မီးဝကျေးရွာ အ-ထ-က(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်ဆိုပြီး မေးမြန်းခဲ့ ပါတယ်။ စပါးဆိပ်(ပီ) အ-ထ-ကကျောင်းကို ဆောက်လုပ်ပေးရန် အစီအစဉ်မရှိဟု ဖြေကြားခဲ့ပါတယ်။ မီးဝကျေးရွာ အ-ထ-ကကိုတော့ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ တွင် ဆောက်လုပ်ပေးမည်ဟု ဖြေကြားခဲ့ ပါတယ်။ ကျွန်တော်တို့ ကတိအာမခံ အစီရင်ခံစာထဲမှာလည်း ပါလာတာတွေ့ရပါတယ်။ သို့ရာတွင် ၂၀၁၇-၂၀၁၈ ဘတ်ဂျက် လျာထားစာရင်းတွင် မီးဝကျေးရွာမှာ မပါလာဘဲ စပါးဆိပ်(ပီ)သာ ပါလာ တာကို တွေ့ရပါတယ် ခင်ဗျား။

နောက်တစ်ချက်အနေဖြင့် ပညာရေးဝန်ကြီးဌာနကိုပဲ ၄-၁၀-၂၀၁၆ရက်နေ့တွင် ကြယ်ပွင့်ပြ မေးခွန်း (၃)စောင် ကျွန်တော်မေးမြန်းခဲ့ပါတယ်။ ကြယ်ပွင့်မပြပါ။ မေးခွန်းတွင် စာသင်ဆောင် ဆောက်လုပ်ပေးနိုင်ရေးအတွက်သာ ဖြစ်ပါတယ်။ မေးခွန်း(၃)စောင်လုံးမှာ ၁၁-၁၀-၂၀၁၆ ရက်နေ့ တွင် ဖြေဆိုခဲ့ပါတယ်။ ဖြေဆိုမှုအဖြေလွှာများမှာ မေးခွန်း(၃)ခုလုံးဟာ တစ်ပုံစံတည်း ဖြစ်နေတာ တွေ့ရ ပါတယ်။ ကျွန်တော်အဖြေလွှာကို အနည်းငယ်အတိုချုပ်ဖတ်ပြပါမယ်။ ကျောက်တော်မြို့နယ်အတွက် ငွေကျပ် (၅၆၅)သန်း လျာထားပါတယ်။ အဆိုပါလျာထားမှုအရ အခြေခံပညာကျောင်း၊ ရုံးများကို မြို့နယ်ပညာရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းအကျိုးတော် ဆောင်များ အတည်ပြုပြီး အန္တရာယ်ရှိကျောင်းများ၊ ဥပမိရုပ်မကောင်းသော ကျောင်းများ၊ ကျောင်းသား ဦးရေအရ တိုးချဲ့လုပ်ဆောင်သော ကျောင်းများ၊ သဘာဝဘေးဒဏ် နေရာရွှေ့ပြောင်းရန် ကျောင်းများ ဟူ၍ လုပ်ငန်းတိုးချကာ မြို့နယ်ဦးစားပေး အစီအစဉ်အလိုက် အဆင့်သတ်မှတ်ပြီး ပြည်နယ်အစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် မြို့နယ်ပညာရေးမှူးမှတစ်ဆင့် အခြေခံပညာဦးစီးဌာနသို့ တင်ပြရမည် ဆိုပြီး မေးခွန်း(၃)စောင်လုံးကို တစ်ပုံစံတည်း ဒီအတိုင်းပဲ ဖြေထားတာတွေ့ရပါတယ်။

ကျွန်တော်ဆွေးနွေးလိုတာကတော့ ဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တွေရဲ့ မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ အောက်ခြေအထိ လုံးဝလေ့လာမှုမရှိဘဲနဲ့ ဖြေဆိုခဲ့တာ ကျွန်တော်နားလည်ပါတယ်။ အဖြေလွှာမှာ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံတဲ့အခါမှာ အဖြေလွှာမှာပါတဲ့အတိုင်း ကိုယ်စားလှယ်နဲ့ ဆွေးနွေးမယ်ဆိုပြီး ပါရှိပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်များနှင့် လုံးဝဆွေးနွေးခြင်းမရှိပါ။ လျာထား စာရင်းတွင် ပါလာတာကို တွေ့ရပါတယ် ကျောင်းတွေကို။ ဒါတွေဟာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကို အလေးမထားဘူး လွှတ်တော်ကိုတောင် အလေးမထားကြောင်း ကျွန်တော်ဆွေနွေးလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေဖြင့် မေးမြန်းတဲ့ မေးခွန်းများအပေါ် ကတိဖြစ်ပေါ်ခဲ့သော မေးခွန်းများ၊ ဆောင်ရွက်ချက်များကို လေ့လာရာတွင်လည်း ကျန်းမာရေးဝန်ကြီး ဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ ကတိခံဝန်ချက်များအပေါ် စောင့်ကြည့်ရမည့် ကတိခံဝန် ချက်များ ရှိနေပါသေးတယ်။ အစီရင်ခံစာမှာ ပါရှိတဲ့အတိုင်း ကော်မတီအနေဖြင့် ကွင်းဆင်းလေ့လာ

စစ်ဆေးသင့်ပါကြောင်း မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းသင့်ပါကြောင်း ဆိုတာကို ထောက်ခံဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့ စတုတ္ထအကြိမ် အမျိုးသားလွှတ်တော် ပြီးဆုံးပြီး ပဉ္စမအကြိမ် လွှတ်တော်သက်တမ်းကာလမှာ အခုလိုပဲ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စုံစုံညီညီနှင့် ပြန်လည်ဆုံတွေ့ပါစေကြောင်း မေတ္တာပို့ရင်းနှင့် နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၅း၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၂၁။**

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့ သည့် မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၄-၃-၂၀၁၇ ရက်နေ့မှာ လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မှ ယနေ့ အကြံပြုထောက်ခံဆွေးနွေးသွား ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဦးမြင့်နိုင် ဆွေးနွေးအကြံပြုသွားချက်တွေကိုလည်း ဝန်ကြီးဌာနတွေက တာဝန်ရှိသူတွေနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနဲ့ တွေ့ဆုံတဲ့အချိန်မှာ သက်ဆိုင်ရာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို ဆွေးနွေးအကြံပြုခဲ့ပြီး ဖြစ်ပါတယ်။

ဒီအတွက် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့်မေးခွန်း များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သဘောတူလက်ခံရန်နှင့် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား

လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးသိမ်းဆွေ မှ လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅:၂၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၅:၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၂၃။**

**ဒေါက်တာသန်းဝင်း (အဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသား လွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်သက်တမ်းအတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်း

ဆောင်ရွက်မှု အစီရင်ခံစာကို ၁၄-၃-၂၀၁၇ မှာ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ အစီရင်ခံစာနှင့် ပတ်သက်လို့ အမျိုးသားလွှတ်တော်မှ လက်ခံအတည်ပြုပေးပါရန် အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာသန်းဝင်း မှ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၂၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထား ရယူပါမယ်။ အမျိုးသား လွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၅း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်း ခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၂၅။**

**ဒေါက်တာပြည့်ဖြိုး (အတွင်းရေးမှူး၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးထိ တစ်နှစ်တာကာလအတွင်းမှာ ဒီ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်ကြီး ကနေပြီးတော့ သဘောတူလက်ခံရန်နှင့် လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ အတွင်းရေးမှူးဖြစ်သူ ဤနတ်တော် ဒေါက်တာပြည့်ဖြိုး မှလေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၂၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှု ဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၅း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၂၇။**

**ဦးဝင်းဇော် (အဖွဲ့ဝင်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ)။**　　။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကျွန်တော်တို့ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကာလအထိ ဆောင်ရွက်ခဲ့တဲ့ တစ်နှစ်စာအစီရင်ခံစာကို အမျိုးသားလွှတ်တော်ကြီးမှ လက်ခံအတည်ပြုပေးနိုင်ပါရန်အတွက် ကော်မတီရဲ့ အဖွဲ့ဝင်ဖြစ်သူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ကျွန်တော် ဦးဝင်းဇော် ကနေပြီးတော့မှ လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၅း၂၈။**

**ဥက္ကဋ္ဌ။**　　။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၅း၂၈။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု တိုင်းရင်းသားရေးရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၂၉။**

**ဦးနိုင်သီဟ (အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာကော်မတီ)။** ။ မင်္ဂလာပါခင်ဗျား။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်သက်တမ်းကာလအတွင်းမှာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကြီးမှ သဘောတူလက်ခံ အတည်ပြုပေးနိုင်ပါရန် ကော်မတီအတွင်းရေးမှူးဖြစ်သူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးနိုင်သီဟ မှ လေးစားစွာဖြင့် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅:၂၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၅:၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၁။**

**ဦးအောင်မျိုး(အဖွဲ့ဝင်၊တောင်သူလယ်သမားရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တစ်နှစ်တာကာလအတွင်းမှာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကြီးမှ သဘောတူ လက်ခံ အတည်ပြုပေးနိုင်ပါရန်အတွက် ကော်မတီအဖွဲ့ဝင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်မျိုး မှ လေးစားစွာ အဆိုပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၃၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန်အတွက် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၅း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၂။**

**ဒေါက်တာမြသောင်း (ဥက္ကဋ္ဌ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ တစ်နှစ်တာ အစီရင်ခံစာကို တင်သွင်းပြီးဖြစ်ပါတယ်။ ဒီအစီရင်ခံစာကို လွှတ်တော်ကြီးကနေ သဘောတူ လက်ခံဖို့အတွက် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ဥက္ကဋ္ဌ ကျွန်တော် ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှနေပြီးတော့ အဆိုပြု တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၅း၃၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၅း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု ပညာရေးမြှင့်တင်မှုကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၃၄။**

**ဦးကျော်သောင်း (အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ အားလုံးကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်သောင်း မှ သဘောတူလက်ခံ အတည်ပြုပေးနိုင်ပါရန်ကော်မတီ အဖွဲ့ဝင်တစ်ဦးအနေနဲ့ လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅:၃၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၅:၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၃၆။**

**ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် (အတွင်းရေးမှူး၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီ)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမား ဆိုင်ရာကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ စတုတ္ထပုံမှန်အစည်းအဝေးအထိ တစ်နှစ်တာ သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူ လက်ခံပြီး အတည်ပြုပေးနိုင်ပါရန် ကော်မတီ အတွင်းရေးမှူးဖြစ်သူ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် မှ လေးစားစွာ အဆိုပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅:၃၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသား လွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၅:၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်း ထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့ အခွင့်အရေးဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၈။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် (အတွင်းရေးမှူး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)**။　　။ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီ၏ တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် ကော်မတီ၏ အတွင်းရေးမှူး ဖြစ်သူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ကျွန်တော် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် မှ လေးစားစွာဖြင့် အဆိုပြု တင်သွင်း အပ်ပါတယ်။

**အချိန်၊ ၁၅း၃၈။**

**ဥက္ကဋ္ဌ**။　　။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၅း၃၉။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၄၀။**

**ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် (အဖွဲ့ဝင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ ဒုတိယအကြိမ်မြောက် အမျိုးသားလွှတ်တော် သက်တမ်းအတွင်းမှာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကြီးက သဘောတူ လက်ခံအတည်ပြုပေးနိုင်ပါရန် ကော်မတီဝင်တစ်ဦးဖြစ်သူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် မှ လေးစားစွာ အဆိုပြု တင်သွင်းအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၅း၄၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသား လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၅း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၄၁။**

**ဦးဝင်းအောင် (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ရိုသေလေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလနှင့် စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံအတည်ပြုနိုင်ပါရန် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီအဖွဲ့ဝင်ဖြစ်သူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းအောင် က အဆိုပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅:၄၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၅:၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်

ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၄၃။**

**ဒေါက်တာဝင်းမြင့် (အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေး တစ်နှစ်တာကာလအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံပေးပါရန် ကော်မတီအတွင်းရေးမှူး အမျိုးသား လွှတ်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ကျွန်တော် ဒေါက်တာဝင်းမြင့် မှ လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၅:၄၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသား လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘာမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော အခြားကော်မတီ (၁၂)ခု၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**အချိန်၊ ၁၅:၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့ အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော အခြားကော်မတီ (၁၂)ခု ၏ သက်တမ်းမှာ တစ်နှစ်ပြည့်မြောက်ပြီး ဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ

၁၀၇ အရ နောက်ထပ်သက်တမ်း တစ်နှစ် တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေး ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နှုတ်ဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၅း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **ဒီနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပြီးဆုံးပြီဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့အပြင် နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်နှင့် အခွန်အကောက်ဆိုင်ရာ ဆွေးနွေးစိစစ်ခြင်း ကိစ္စရပ်များကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြရပြီး ဖြစ်ပါတယ်။**

**လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနှင့် အစည်းအဝေးပြီးဆုံးပြီး မိမိတို့ရဲ့ မဲဆန္ဒနယ်မြေအသီးသီးကို ပြန်ရတော့မှာဖြစ်ပါတယ်။ မိမိတို့မဲဆန္ဒနယ်မြေများကို ပြန်လည်ရောက်ရှိတဲ့အခါ မိမိတို့နယ်မြေရဲ့ ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ကြရဦးမှာ ဖြစ်ပါတယ်။**

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နိုင်ငံတော်ရဲ့အကျိုး၊ မဲဆန္ဒရှင်ပြည်သူများရဲ့အကျိုးသယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် မိမိတို့နေရပ်ဒေသသို့ ဘေးမသီရန်မခဘဲ ချောချောမောမော ရောက်ရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)**

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**အချိန်၊ ၁၅း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို **၁၅း၄၇** နာရီအချိန်တွင် ရပ်နားပါသည်။]